# အောင်မှန်ဒိုင်ယာရီ၏ ထူးခြားချက်ကား

ဤအခါပေး အောင်မှန်ဒိုင်ယာရီတွင် အင်္ဂလိပ် ခု၊ လ၊ ရက်၊ မြန်မာ ခု၊ လ၊ ရက်၊ နေ့ပါရှိသည်။ စန်းတည်သောရာသီ စန်းပြောင်းသောရာသီတို့သည် ဇန်နဝါရီလမှစ၍ တစ်နှစ်လုံးပြောင်းရက်နှင့် ပြောင်းသောအချိန်ကို ရက်စွဲတိုင်းတွင် ဖော်ပြထားသည်။ ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တု နတ်နေ၊ လာဘ်နေ၊ တိထိပြောင်း၊ မြေခံ၊ နက္ခတ်ပြောင်း၊ နက္ခတ်ထွက်-ဝင်၊ ကပ္ပတ်၊ ယုဂ်ပြောင်း၊ ကရိုဏ်းပြောင်း၊ စန်းသုဒ္ဓိ၊ ယာတစန်း၊ သတို့သားနှင့် သတို့သမီး ဇာတာတိုက်ဆိုင်နည်း၊ နဂါးလှည့်၊ အိမ်တိုက်ဆောက်နည်း၊ လက်ထပ်၊ ရှင်ပြု၊ နားထွင်း၊ စပ်တူလုပ်ငန်း၊ ပဋ္ဌင်းတက်၊ ကိုယ်ခံပညာသင်၊ ကောက်စိုက်၊ ကောက်ရိတ်၊ သစ်ပင်စိုက်၊ ဥယျာဉ်ခြံမြေလုပ်ခြင်း၊ ခရီးသွား၊ အလုပ်လျှောက်၊ မိတ်သစ်ဖွဲ့၊ ကုမ္ပဏီဆိုင်ရာကိစ္စပြု၊ နာမည်မှည့်၊ အနုပညာဆိုင်ရာကိစ္စပြု၊ ဇာတ်၊ အငြိမ့်အဖွဲ့ တည်ထောင်ခြင်း၊ မော်တော်ယာဉ် ရေချခြင်း၊ လက်သမား မြေခံ၊ ဘုရားကျောင်း၊ သိမ်စေတီတည်ခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ ကျောင်းကန်ဇရပ် ရေစက်ချ၊ ရေတွင်းရေကန်တူး၊ ထွန်ချ၊ ထီထိုး၊ ကုန်ရောင်း ကုန်ဝယ်၊ ရတနာရောင်းဝယ် ဝတ်ဆင်၊ စတင်တူးဖော်၊ ဆေးဆရာများ အတွက် ဆေးပေးရာတွင် တနင်္ဂနွေနဝင်းစီးကို နေ့စဉ် နဝင်းပြောင်းသော အချိန်နှင့် တကွ ဖော်ပြထားသည်။ အထက်ဖော်ပြထားသော မင်္ဂလာအခါတို့ကို မြန်မာ ဟိန္ဒူ အခါပေးကျမ်းမျိုးစုံတို့နှင့် ရွေးချယ်ပြီး မည်သည့်အချိန်အတွင်း ကောင်းမည်၊ အလွန်ကောင်းမည်ကို နာရီမိနစ်နှင့်တကွ တွက်ချက်ထားသည်။ ထို့ကြောင့် ဤအောင်မှန်အခါပေးဒိုင်ယာရီသည် သူဌေး သူကြွယ်၊ ကုန်သည်၊ ပွဲစား၊ လူကုံထံ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ ဆေးဆရာ၊ နက္ခတ် ဗေဒင်ပညာရှင်များ ရဟန်းရှင်လူ သူတော်ကောင်းအပေါင်းနှင့် အထူး သင့်လျော်သော စာအုပ်ဖြစ်ရကား၊ မိမိတို့အလိုရှိသော မင်္ဂလာအခါတို့ကို လွယ်ကူစွာ အခါပေးနိုင်ခြင်း အလို့ငှာ မမှားမယွင်း တောင်းစွာ နှစ်စဉ် ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။ တစ်နှစ်သုံးဖူးသော ပုဂ္ဂိုလ်တို့သည် နှစ်တိုင်း သုံးချင်လာလိမ့်မည်။